ဓမ္မခန္ဓာ (၁၄) “အီဗရာဟီးမ်”

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ်– ၇၂၊ သုတ်ဒေသနာ– ၅၂ ပါး။

ဦးငွေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။<br><br>✡ ၁၀း၁ | **الَر كِتَابٌ أَنزَلْنَاهُ إِلَيْكَ لِتُخْرِجَ النَّاسَ مِنَ الظُّلُمَاتِ إِلَى النُّورِ بِإِذْنِ رَبِّهِمْ إِلَى صِرَاطِ الْعَزِيزِ الْحَمِيدِ ۞**<br>အလက်ဖ်၊လမ်၊ရာ✡–လူသားတို့အား သူတို့ ကံကြမ္မာရှင်၏ ခွင့်ပြုချက်ဖြင့်၊ ဘုန်းတော်အရှင်၊ ရည်သန်စူးစိုက်အပ်သော အရှင်၏ လမ်းတော်ဆီသို့၊ အမှောင်မှ အလင်းသို့ ထုတ်ဆောင်သည့် သင့်ထံ၌ ချမှတ်ပေးသော ကျမ်းတော်ဖြစ်၏။ |
| ၂။ | **اللهِ الَّذِي لَهُ مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ وَوَيْلٌ لِّلْكَافِرِينَ مِنْ عَذَابٍ شَدِيدٍ ۞**<br>မိုးများနှင့် မြေကမ္ဘာအတွင်း ရှိသမျှတို့သည် ပရမတ်ဘုရားရှင်၊ –အရှင်၏ အချုပ်အခြာ၌ ရှိ၏။ ဖုံးကွယ်သူတို့သည်ကား ပြင်းထန်သော ဝဋ်ကြွေးထဲ၌ ပျက်စီးဆုံးရှုံးရလတ္တံ့။ |
| ၃။ | **الَّذِينَ يَسْتَحِبُّونَ الْحَيَاةَ الدُّنْيَا عَلَى الآخِرَةِ وَيَصُدُّونَ عَن سَبِيلِ اللهِ وَيَبْغُونَهَا عِوَجًا أُوْلَئِكَ فِي ضَلاَلٍ بَعِيدٍ ۞**<br>နောင်ဘဝထက် ဤလက်ရှိသက်တမ်းကို ချစ်ခင်စုံမက်၍၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ဖယ်ခိုင်းလျက် ၎င်းအား ကောက်ကျစ်မှုကို ရှာဖွေသော[၅၇၅] ထိုသူတို့သည် နောက်ကျန်ရစ်လျက် လွဲချော်မှု၌ ရှိနေပြီ။ |
| ၄။<br><br>၂း၇၀ | **وَمَا أَرْسَلْنَا مِن رَّسُولٍ إِلاَّ بِلِسَانِ قَوْمِهِ لِيُبَيِّنَ لَهُمْ فَيُضِلُّ اللهُ مَن يَشَاء وَيَهْدِي مَن يَشَاء وَهُوَ الْعَزِيزُ الْحَكِيمُ ۞**<br>ငါသည် လူမျိုးတစ်မျိုးထံသို့ သူတို့အား ရှင်းလင်းပြနိုင်ရန် သူတို့၏ ဘာသာစကားဖြင့်သာ ဉာဏ်စဉ်ဆောင်များကို စေစား၏။ ပရမတ်ဘုရားရှင်သည် လမ်းလွဲသို့ **စံချိန်ပြည့်**သူ လမ်းညွှန်ရန် **စံချိန်ပြည့်**သူကို ပြဋ္ဌာန်းထား၏။ အရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၅။ | **وَلَقَدْ أَرْسَلْنَا مُوسَى بِآيَاتِنَا أَنْ أَخْرِجْ قَوْمَكَ مِنَ الظُّلُمَاتِ إِلَى النُّورِ وَذَكِّرْهُمْ بِأَيَّامِ اللهِ إِنَّ فِي ذَلِكَ لآيَاتٍ لِّكُلِّ صَبَّارٍ شَكُورٍ ۞**<br>ငါသည် မူဆာအား ငါ၏ သုတ်ဒေသနာများဖြင့် သင့်လူမျိုးအား အမှောင်မှ အလင်းသို့ ကယ်ထုတ်ရန်၊ ပရမတ်ဘုရားရှင်၏ သတ်မှတ်ရက်များကို သတိပေါ်ပေးရန်ဟု စေစား၏၊ ဤ၌ သည်းခံသူ၊ ကျေးဇူးသိတတ်သူတိုင်း အဘို့ သက်သေလက္ခဏာများ ပါရှိ၏။ |

(၅၇၅) ယာ့ဘ်ဂူးနဟာ အေဝါးဂျန်မ် **عِوَجًا يَبْغُونَهَا** ဆိုသည်မှာ ရိုးသားဖြူစင်စွာ မတင်ပြဘဲ၊ “ထိုအရာထဲ၌ ကောက်ကျစ်မှုကို ရှာကြံ ဆည်းပူးသည်၊”ဟု အနက်ပေး၏။ အစ္စလာမ် ဆိုသော ခေါင်းစဉ် အောက်တွင်လည်း ပရမတ်ဘုရားရှင် ချမှတ်ပေးသော ကျမ်းမြတ် ကုရ်အာန်အား နားလည်ရန် လေ့လာကြဟု တိုက်တွန်းမည့် အစား ဆရာသခင်ကြီးများ၏ ဓမ္မသတ်များအား နာခံရန် ပုံသွင်းနေခြင်းမှာ ရိုးသားမှု အားနည်းလှပေသည်၊

၆။ وَإِذْ قَالَ مُوسَى لِقَوْمِهِ اذْكُرُواْ نِعْمَةَ اللهِ عَلَيْكُمْ إِذْ أَنجَاكُم مِّنْ آلِ فِرْعَوْنَ يَسُومُونَكُمْ سُوءَ الْعَذَابِ
وَيُذَبِّحُونَ أَبْنَاءكُمْ وَيَسْتَحْيُونَ نِسَاءكُمْ وَفِي ذَلِكُم بَلاء مِّن رَّبِّكُمْ عَظِيمٌ۞

၂:၄၉ မူဆာဖြင့် သူ့လူမျိုးအား ပြောစေသောအခါ "သင်တို့အား ပရမတ်ဘုရားရှင်က ဂုဏ်ပေးမှုများကို သတိရကြလော့၊ သင်တို့၏ သားများကို သုတ်သင်ကာ၊ အမျိုးသမီးများကိုသာ အသက်ဆက်ခွင့်ပေးသည့် ဖါရိုး မင်းဆက်၏ အကုသိုလ် ဝဋ်ကြွေး အမှတ်သညာဖြစ်စေသူများမှ သင်တို့အား ငါ လွတ်မြောက်စေခဲ့ပြီ၊ ထိုဌ သင်တို့အား သင်တို့၏ ကံကြမ္မာရှင်မှ မဟာစုံစမ်းမှုကြီး ရှိနေပြီ၊"ဟု ဖြစ်၏။

၇။ وَإِذْ تَأَذَّنَ رَبُّكُمْ لَئِن شَكَرْتُمْ لأَزِيدَنَّكُمْ وَلَئِن كَفَرْتُمْ إِنَّ عَذَابِي لَشَدِيدٌ۞
သင်တို့၏ ကံကြမ္မာရှင်က ကြေငြာသည်မှာ သင်တို့သည် ကျေးဇူးသိတတ်လျှင် သင်တို့အား တိုးပွားစေမည်။ သင်တို့သည် ဖုံးကွယ်ကြသော် ပြင်းထန်သော ဝဋ်ကြွေးသည် ရှိနေ၏။

၈။ وَقَالَ مُوسَى إِن تَكْفُرُواْ أَنتُمْ وَمَن فِي الأَرْضِ جَمِيعًا فَإِنَّ اللهَ لَغَنِيٌّ حَمِيدٌ۞
ကျေးဇူးစွပ် မူဆာက "သင်တို့နှင့် ကမ္ဘာမြေမှ အားလုံးသည် **ဖုံးကွယ်**ငြားသော်လည်း၊ ပရမတ်ဘုရားရှင်သည် ကုံလုံပြည့်စုံ၏၊ ရည်သန်စူးစိုက်မှုတည်ရာ ဖြစ်၏၊"ဟု ဟောကြား၏။

၉။ أَلَمْ يَأْتِكُمْ نَبَأُ الَّذِينَ مِن قَبْلِكُمْ قَوْمِ نُوحٍ وَعَادٍ وَثَمُودَ وَالَّذِينَ مِن بَعْدِهِمْ لاَ يَعْلَمُهُمْ إِلاَّ اللهُ جَاءتْهُمْ رُسُلُهُم
بِالْبَيِّنَاتِ فَرَدُّواْ أَيْدِيَهُمْ فِي أَفْوَاهِهِمْ وَقَالُواْ إِنَّا كَفَرْنَا بِمَا أُرْسِلْتُم بِهِ وَإِنَّا لَفِي شَكٍّ مِّمَّا تَدْعُونَنَا إِلَيْهِ
مُرِيبٍ۞
သင်တို့၏ ရှေ့အလျှင် ဖြစ်သော နူးဟ်၊ အာဒ်၊ သမု–ဒ်နှင့် သူတို့နောက် လူမျိုးများ၏ သတင်းများကို သင်တို့ထံ ငါ မပေးအပ်ခဲ့သလော။ ပရမတ်ဘုရားရှင် မှအပ သူတို့ကို သိသူ မရှိချေ။ သူတို့အတွက် ဥဇ္ဇာစဉ်ဆောင်များသည် ရှင်းလင်းချက်များဖြင့် သူတို့ထံ ရောက်လာ၏၊ သို့သော် သူတို့သည် သူတို့၏ ပါးစပ်များ လက်ချောင်းများဖြင့် တန်ပြန်လျှက် "သင်တို့အား စေစားခြင်းကို ကျွန်ုပ်တို့ လက်မခံ၊ ကျွန်ုပ်တို့အား ဖိတ်ခေါ်မှုဌ ဒွိဟဖြစ်၏၊ ၎င်းကို သံသယရှိ၏၊" ဟု ဆိုကြ၏။

၁၀။ قَالَتْ رُسُلُهُمْ أَفِي اللهِ شَكٌّ فَاطِرِ السَّمَاوَاتِ وَالأَرْضِ يَدْعُوكُمْ لِيَغْفِرَ لَكُم مِّن ذُنُوبِكُمْ وَيُؤَخِّرَكُمْ إِلَى أَجَلٍ
مُّسَمًّى قَالُواْ إِنْ أَنتُمْ إِلاَّ بَشَرٌ مِّثْلُنَا تُرِيدُونَ أَن تَصُدُّونَا عَمَّا كَانَ يَعْبُدُ آبَآؤُنَا فَأْتُونَا بِسُلْطَانٍ مُّبِينٍ
သူတို့၏ ဥဇ္ဇာစဉ်ဆောင်များက "မိုးများနှင့် မြေကမ္ဘာ၏ ဇစ်မြစ်တော်☆ ပရမတ်ဘုရားရှင်ဌ ဒွိဟ ဖြစ်ကြကုန်သလော။
☆ ၂:၂၁၊ ၁၁၇ အရှင်သည် သင်တို့အား လွတ်ငြိမ်းခွင့်ပေးရန်၊ သတ်မှတ်ကာလ အချိန်ထိ သင်တို့၏ ပြစ်မှုများကို နောက်ဆုတ်ပေးရန် ဖိတ်ခေါ်၏၊"ဟု ဆိုသော်၊ သူတို့က "သင်တို့သည် ကျွန်ုပ်တို့ကဲ့သို့ လူပုဂ္ဂိုလ်မျှသာ ဖြစ်၍၊ ကျွန်ုပ်တို့ ဘဘိုးများ ကိုးကွယ်လေ့ ရှိခဲ့ရာမှ ကျွန်ုပ်တို့အား ဖယ်ရှားလိုသူများသာ ဖြစ်၏။ ရှင်းလင်းထင်ရှားသော အခွင့်အာဏာကို ကျွန်ုပ်တို့အား ပေးအပ်လော့၊"ဟု ဆိုကြ၏။

၁၁။ قَالَتْ لَهُمْ رُسُلُهُمْ إِن نَّحْنُ إِلاَّ بَشَرٌ مِّثْلُكُمْ وَلَكِنَّ اللهَ يَمُنُّ عَلَى مَن يَشَاء مِنْ عِبَادِهِ وَمَا كَانَ لَنَا أَن
نَّأْتِيَكُم بِسُلْطَانٍ إِلاَّ بِإِذْنِ اللهِ وَعَلَى اللهِ فَلْيَتَوَكَّلِ الْمُؤْمِنُونَ۞
သူတို့၏ ဥဇ္ဇာစဉ်ဆောင်များက သူတို့အား ပြောသည်မှာ "ကျွန်ုပ်တို့သည် သင်တို့ကဲ့သို့ လူပုဂ္ဂိုလ်မျှသာ ဖြစ်၏။ သို့သော် ပရမတ်ဘုရားရှင်သည် အရှင်၏ အမှုတော်ဆောင်များမှ စံချိန်ပြည့်သူအား မျက်နှာသာရစေတော်မူ၏။ ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက် မရှိဘဲ ကျွန်ုပ်တို့သည် သင်တို့အား အခွင့်အာဏာ ပေးအပ်နိုင်ခြင်း မရှိချေ။ ယုံကြည်သူများသည် ပရမတ်ဘုရားရှင်ဌ ကိုးစားအပ်၏။–

| | |
|---|---|
| ၁၂။ | **وَمَا لَنَا أَلاَّ نَتَوَكَّلَ عَلَى اللهِ وَقَدْ هَدَانَا سُبُلَنَا وَلَنَصْبِرَنَّ عَلَى مَا آذَيْتُمُونَا وَعَلَى اللهِ فَلْيَتَوَكَّلِ الْمُتَوَكِّلُونَ**۞ <br> –ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်အား အဘယ်ကြောင့် မကိုးစားအပ်သနည်း။ အရှင်သည် ကျွန်ုပ်တို့အား လမ်းစဉ်များကို ညွှန်ပြပြီ။ ကျွန်ုပ်တို့သည် သင်တို့၏ ဒဏ်ပေးမှုကို ကြံ့ကြံ့ခံရပေတော့မည်။ ကိုးစားသူတို့သည် ပရမတ်ဘုရားရှင်ကိုသာ ကိုးစားကြကုန်၏။” |
| ၁၃။ <br> ကျင့်စဉ် | **وَقَالَ الَّذِينَ كَفَرُواْ لِرُسُلِهِمْ لَنُخْرِجَنَّكُم مِّنْ أَرْضِنَآ أَوْ لَتَعُودُنَّ فِي مِلَّتِنَا فَأَوْحَى إِلَيْهِمْ رَبُّهُمْ لَنُهْلِكَنَّ الظَّالِمِينَ**۞ <br> ဖုံးကွယ်သော သူများက ဥဒေဏ်စဉ်ဆောင်များအား “ကျွန်ုပ်တို့၏ **ဘာသာ၌** ဆက်မကျင့်လျှင် ကျွန်ုပ်တို့သည် သင်တို့အား ကျွန်ုပ်တို့ ကမ္ဘာမှ မောင်းထုတ်ရလတ္တံ့၊”ဟု ဆိုသော်။ သူတို့ထံသို့ ကံကြမ္မာရှင်က “ငါသည် အမိုက်ကောင်များကို တိမ်ကောပျက်စီးစေမည်၊”ဟု အာရုံဖြစ်ပေါ်စေ၏။ |
| ၁၄။ <br> တိုင်း <br> ပြည် | **وَلَنُسْكِنَنَّكُمُ الأَرْضَ مِن بَعْدِهِمْ ذَلِكَ لِمَنْ خَافَ مَقَامِي وَخَافَ وَعِيدِ**۞ <br> “သူတို့၏နောက် ထို**ကမ္ဘာ၌** သင်တို့အား နေရာချပေးလတ္တံ့။ ဤသည် ငါ့ရှေ့၌ ကြောက်ရွံ့စွာ ရပ်တည်သူ၊ ကတိတော်အား ကြောက်ရွံ့သူတို့ အတွက် ဖြစ်၏။ |
| ၁၅။ | **وَاسْتَفْتَحُواْ وَخَابَ كُلُّ جَبَّارٍ عَنِيدٍ**۞ <br> ထွက်ပေါက်တောင်းဆိုမှုများကြောင့်– ခေါင်းမာ ပုန်ကန်သူတိုင်းသည် စိတ်ပျက်ကျဆုံးရလေ၏။ |
| ၁၆။ | **مِّن وَرَآئِهِ جَهَنَّمُ وَيُسْقَى مِن مَّاء صَدِيدٍ**۞ <br> ကွယ်နေသော ငရဲက သူ့အား ရေပုပ်ကိုသာ[၅၇၆] တိုက်ကျွေးလတ္တံ့။ |
| ၁၇။ | **يَتَجَرَّعُهُ وَلاَ يَكَادُ يُسِيغُهُ وَيَأْتِيهِ الْمَوْتُ مِن كُلِّ مَكَانٍ وَمَا هُوَ بِمَيِّتٍ وَمِن وَرَآئِهِ عَذَابٌ غَلِيظٌ**۞ <br> ၎င်းကို တစ်ကျိုက်ချင်း ခံတွင်းမတွေ့နိုင်၊ သေခြင်းသည် သူ့ထံသို့ အဘက်ဘက်မှ ဆိုက်ရောက်နေ၏၊ သေ၍မရနိုင်၊ သူ့အတွက် တိကျပြတ်သားသော ဝဋ်ကြွေးသည် အကွယ်မှ ရှိနေ၏။ |
| ၁၈။ | **مَّثَلُ الَّذِينَ كَفَرُواْ بِرَبِّهِمْ أَعْمَالُهُمْ كَرَمَادٍ اشْتَدَّتْ بِهِ الرِّيحُ فِي يَوْمٍ عَاصِفٍ لاَّ يَقْدِرُونَ مِمَّا كَسَبُواْ عَلَى شَيْءٍ ذَلِكَ هُوَ الضَّلاَلُ الْبَعِيدُ**۞ <br> ကံကြမ္မာရှင်အား ဖုံးကွယ်သော သူတို့၏ ပမာသည်ကား၊ သူတို့၏ ကျင့်ကြံမှုများသည် လေတိုက်သော နေ့တွင် လွင့်ပါးသော ပြာမှုန်ကဲ့သို့ ဖြစ်၏။ သူတို့၏ ကျင့်ဆောင်မှုကို တစ်စုံတစ်ရာ စည်းမကြပ်မတ်နိုင်ပေ။ ဤသည် နောက်ကျန် လွဲချော်ရခြင်းပင် ဖြစ်၏။ |
| ၁၉။ <br> ✡ ၂း၇၀ | **أَلَمْ تَرَ أَنَّ اللهَ خَلَقَ السَّمَاوَاتِ وَالأَرْضَ بِالْحقِّ إِن يَشَأْ يُذْهِبْكُمْ وَيَأْتِ بِخَلْقٍ جَدِيد**۞ <br> ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေကို မှန်ကန်ညီညွတ်စွာ ဖြစ်တည်စေ၏။ စံချိန်ပြည့်လျှင်✡ သင်တို့အား ရုပ်သိမ်းလျှက် မျိုးဆက်သစ်ကို ဖြစ်တည် ယူဆောင်လာနိုင်၏ ဆိုသည်ကို သင်တို့ မမြင်မိသလော။ |
| ၂၀။ | **وَمَا ذَلِكَ عَلَى اللهِ بِعَزِيزٍ**۞ <br> ဤသည် ပရမတ်ဘုရားရှင်၏ ဘုန်းတော် မဲ့မသွားချေ။ |

(၅၇၆) **ဆွဒီးဒ် صَدِيدٍ** ၏ အဓိပ္ပါယ်မှာ “ပြည်ပုပ်၊ ရေပုပ်၊ ပူသော သို့မဟုတ် ဆူပွက်သော ရေ” ဟု ဖြစ်ပေသည်။ သို့သော် “ပြည်ပုပ်” ဆိုသော စကားကို နောက်မှ **မာအွန်** ရေ ဆိုသော စကားလုံးနှင့် တွဲလေ့ မရှိပေ။ ထို့ကြောင့် **မာအင်–ဆွဒီးဒ် صَدِيدٍ مَّاء** ကိုဤနေရာ၌ “ရေပုပ်” ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၂၁။ | **وَبَرَزُواْ لِلّهِ جَمِيعًا فَقَالَ الضُّعَفَاء لِلَّذِينَ اسْتَكْبَرُواْ إِنَّا كُنَّا لَكُمْ تَبَعًا فَهَلْ أَنتُم مُّغْنُونَ عَنَّا مِنْ عَذَابِ اللّهِ مِن شَيْءٍ قَالُواْ لَوْ هَدَانَا اللّهُ لَهَدَيْنَاكُمْ سَوَاء عَلَيْنَآ أَجَزِعْنَا أَمْ صَبَرْنَا مَا لَنَا مِن مَّحِيصٍ** ۞ |
| ဒကာ<br>များက<br>ဆရာ<br>များကို | ပရမတ်ဘုရားရှင်ထံသို့ အားလုံးက ပြန်ထွက်လာရချိန်တွင်၊ **အင်အားချိနဲ့သူများက** အကြီးအကဲဖြစ်သူများကို “ကျွန်ုပ်တို့သည် သင်တို့၏ နောက်လိုက်ဒကာများ ဖြစ်ခဲ့၏။ ပရမတ်ဘုရားရှင် ချမှတ်သော ကျွန်ုပ်တို့ထံမှ ဝဋ်ကြွေး တစ်စုံတစ်ရာသည် သင်တို့အတွက် ပြည့်စုံပါမည်လော၊”ဟု မေးသော်–သူတို့က “ပရမတ်ဘုရားရှင်က ကျွန်ုပ်တို့အား လမ်းညွှန်ခဲ့အံ့၊ ကျွန်ုပ်တို့သည် သင်တို့အား လမ်းညွှန်ခဲ့မည်ပင်၊ ကျွန်ုပ်တို့လည်း အတူတူပင် ဖြစ်၏။ ကျွန်ုပ်တို့ ဒဏ်မခံနိုင်ဖြစ်စေ၊ သို့တည်းမဟုတ် သည်းခံနိုင်သည် ဖြစ်စေ လွတ်လမ်း မရှိပေ၊”ဟု ဆိုကြ၏။ |
| ၂၂။ | **وَقَالَ الشَّيْطَانُ لَمَّا قُضِيَ الأَمْرُ إِنَّ اللّهَ وَعَدَكُمْ وَعْدَ الْحَقِّ وَوَعَدتُّكُمْ فَأَخْلَفْتُكُمْ وَمَا كَانَ لِيَ عَلَيْكُم مِّن سُلْطَانٍ إِلاَّ أَن دَعَوْتُكُمْ فَاسْتَجَبْتُمْ لِي فَلاَ تَلُومُونِي وَلُومُواْ أَنفُسَكُم مَّا أَنَاْ بِمُصْرِخِكُمْ وَمَا أَنتُمْ بِمُصْرِخِيَّ إِنِّي كَفَرْتُ بِمَآ أَشْرَكْتُمُونِ مِن قَبْلُ إِنَّ الظَّالِمِينَ لَهُمْ عَذَابٌ أَلِيمٌ** ۞ |
| ☆ ၂း၁၄<br>ကယ်နိုင်<br>✡<br>၃၅း၁၄ | ညွှန်ကြားချက်အား အပြီးသတ်စဉ် မကောင်းဆိုးဝါးက ပြောသည်မှာ ☆“ပရမတ်ဘုရားရှင်က သင်တို့အား ကတိပြုခြင်းသည် မှန်ကန်သော ကတိပင် ဖြစ်၏။ ကျွန်ုပ်က သင်တို့ကို ပြုသော ကတိအား တည်ရန် ကျွန်ုပ် ပေ့ါပျက်ခဲ့၏။ သင်တို့အပေါ်၌ ကျွန်ုပ် ဩဇာအာဏာ မရှိချေ။ သင်တို့အား ကျွန်ုပ် ဖိတ်ခေါ်သည်ကို သင်တို့က အဖြေပေးပြီးဖြစ်၍ ကျွန်ုပ်ကို အပြစ် မတင်ကြနှင့်၊ သင်တို့၏ စရိုက်ကိုသာ သင်တို့ အပြစ်တင်ကြလော့။ ကျွန်ုပ်သည် သင်တို့အား **သနားနိုင်**သူ မဟုတ်၊ သင်တို့လည်း ကျွန်ုပ်အား **သနားနိုင်**သူ မဟုတ်ပေ။ ရှေ့အလျှင်က ကျွန်ုပ်အား အသင်တို့က ရောပြွန်း ကိုးကွယ်ခဲ့သည်ကို ကျွန်ုပ် လက်မခံ၊✡ အမိုက်ကောင်များ အဘို့ နာကျင်သော ဝဋ်ဒုက္ခသည် ရှိနေ၏၊”ဟု ဖြစ်၏။ |
| ၂၃။ | **وَأُدْخِلَ الَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ جَنَّاتٍ تَجْرِي مِن تَحْتِهَا الأَنْهَارُ خَالِدِينَ فِيهَا بِإِذْنِ رَبِّهِمْ تَحِيَّتُهُمْ فِيهَا سَلاَمٌ** ۞ |
| | ယုံကြည်လျှက် ပြုပြင်မှုကို ကျင့်ကြံသော သူတို့သည် အောက်ခင်း၌ စမ်းချောင်း စီးဆင်းနေသော ဥယျာဉ်ဘုံများသို့ ဝင်လော့။ သူတို့ကံကြမ္မာရှင်၏ ခွင့်ပြုချက်ဖြင့် ထို၌ ကာလမဲ့စံစားစေ၍၊ ထို၌ “ငြိမ်းချမ်းပါစေ၊”ဟု နှုတ်ခွန်းဆက်သကြကုန်၏။ |
| ၂၄။ | **أَلَمْ تَرَ كَيْفَ ضَرَبَ اللّهُ مَثَلاً كَلِمَةً طَيِّبَةً كَشَجَرةٍ طَيِّبَةٍ أَصْلُهَا ثَابِتٌ وَفَرْعُهَا فِي السَّمَاء** ۞ |
| | စင်ကြယ်သော စကားတစ်ခွန်းသည် ခိုင်မာစွာ အမြစ်တွယ်လျှက် ကောင်းကင်ဘနန်းထိ အခက်ဖြာသော စင်ကြယ်သည့် သစ်ပင်ကဲ့သို့ဖြစ်ကြောင်း ပရမတ်ဘုရားရှင်ပေးသော ပမာသည် မည်သို့ ဥပမာဖြစ်သည်ဟု မမြင်မိကြသလော။ |
| ၂၅။ | **تُؤْتِي أُكُلَهَا كُلَّ حِينٍ بِإِذْنِ رَبِّهَا وَيَضْرِبُ اللّهُ الأَمْثَالَ لِلنَّاسِ لَعَلَّهُمْ يَتَذَكَّرُونَ** ۞ |
| ကာလ | ကံကြမ္မာရှင်၏ ခွင့်ပြုချက်ဖြင့် ထိုမှ စားစရာများကို **ရာသီ**တိုင်း၌ ပေးလျှက်ရှိ၏။ လူသားတို့သည် ဆင်ခြင်သတိရှိအံ့ငှာ ပရမတ်ဘုရားရှင်က ပမာပြု ဥပမာပေးတော်မူ၏။ |
| ၂၆ | **وَمَثلُ كَلِمَةٍ خَبِيثَةٍ كَشَجَرَةٍ خَبِيثَةٍ اجْتُثَّتْ مِن فَوْقِ الأَرْضِ مَا لَهَا مِن قَرَارٍ** ۞ |
| | မသန့်စင်သော စကားတစ်ခွန်းသည် ကမ္ဘာမြေပြင်ပေါ်သို့ ဆွဲနှုတ်ခံရသော မကောင်းသော အပင်ကဲ့သို့ ဖြစ်၏။ ၎င်းသည် အတည်တကျ မဟုတ်ချေ။ |
| ၂၇။ | **يُثَبِّتُ اللّهُ الَّذِينَ آمَنُواْ بِالْقَوْلِ الثَّابِتِ فِي الْحَيَاةِ الدُّنْيَا وَفِي الآخِرَةِ وَيُضِلُّ اللّهُ الظَّالِمِينَ وَيَفْعَلُ اللّهُ مَا يَشَاء** ۞ |
| ကတိ<br>တော် | ပရမတ်ဘုရားရှင်သည် ယုံကြည်သောသူတို့အား ခိုင်မာသော **ဓမ္မတော်**အားဖြင့် ဤဘဝသက်တမ်းနှင့် နောင်ဘဝတွင် |

| | |
|---|---|
| ☆ ၂း၇၀ | ခိုင်မာစေတော်မူ၏။ ပရမတ်ဘုရားရှင်သည် အမိုက်ကောင်များအား လမ်းလွဲစေလတ္တံ့။ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သည်ကို☆ စီမံတော်မူ၏။ |
| ၂၈။ | أَلَمْ تَرَ إِلَى الَّذِينَ بَدَّلُواْ نِعْمَةَ اللّهِ كُفْرًا وَأَحَلُّواْ قَوْمَهُمْ دَارَ الْبَوَارِ ۞<br>ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုကို ဖုံးကွယ်ခြင်းဖြင့် လွှဲပြောင်းသော၊ သူတို့၏ လူမျိုးများကို ပျက်စီးကြေမွခြင်းဗိမာန်အား ဥပဒေပြုပေးသူများကို သင် မမြင်မိသလော။ |
| ၂၉။ | جَهَنَّمَ يَصْلَوْنَهَا وَبِئْسَ الْقَرَارُ ۞<br>သူတို့အား လောင်ကျွမ်းစေမည့် ငရဲပြည်သည် အမင်္ဂလာ အတည်တကျရှိ၏။ |
| ၃၀။<br>✡<br>၂း၂၆ | وَجَعَلُواْ لِلّهِ أَندَادًا لِّيُضِلُّواْ عَن سَبِيلِهِ قُلْ تَمَتَّعُواْ فَإِنَّ مَصِيرَكُمْ إِلَى النَّارِ ۞<br>သူတို့သည် ပရမတ်ဘုရားရှင်အား ဂုဏ်တုပြိုင်ဘက် စီစဉ်ကြ၏။ အရှင့်လမ်းစဉ်တော်မှာ လမ်းလွှဲကြ၏။ "ပျော်မြူးနေကြလော့၊ သင်တို့၏ ပန်းတိုင်သည် အပူမီးသို့✡ ဖြစ်၏၊"ဟု ဟောကြားလော့။ |
| ၃၁။<br>☆၂း၃ | قُل لِّعِبَادِيَ الَّذِينَ آمَنُواْ يُقِيمُواْ الصَّلاَةَ وَيُنفِقُواْ مِمَّا رَزَقْنَاهُمْ سِرًّا وَعَلانِيَةً مِّن قَبْلِ أَن يَأْتِيَ يَوْمٌ لاَّ بَيْعٌ فِيهِ وَلاَ خِلاَلٌ ۞<br>ယုံကြည်သောသူ– ငါ၏ အမှုတော်ဆောင်များအား "ကိုယ်စားခံယူခွင့် မရှိ [၅၇၇] အတွင်းလူထားခွင့် မရှိသော နေ့ကာလ မဆိုက်ရောက်မီ မေတ္တာဓိဌာန်☆ မြဲကြရန်၊ သင်တို့အား ငါအရှင် ရိက္ခာပေးရာမှ ကြိတ်၍ဖြစ်စေ၊ လူသိရှင်ကြား ဖြစ်စေ ပေးကမ်းသုံးစွဲကြရန်၊" ဟောပြောလော့။ |
| ၃၂။ | اللّهُ الَّذِي خَلَقَ السَّمَاوَاتِ وَالأَرْضَ وَأَنزَلَ مِنَ السَّمَاء مَاء فَأَخْرَجَ بِهِ مِنَ الثَّمَرَاتِ رِزْقًا لَّكُمْ وَسَخَّرَ لَكُمُ الْفُلْكَ لِتَجْرِيَ فِي الْبَحْرِ بِأَمْرِهِ وَسَخَّرَ لَكُمُ الأَنْهَارَ ۞<br>ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေကို ဖြစ်တည်စေသော အရှင် ဖြစ်၏။ ကောင်းကင်ယံမှ ရေကို သွန်းချပေး၍ ၎င်းဖြင့် သင်တို့အတွက် သီးနှံ ရိက္ခာများကို ပေါက်ရောက်စေ၏။ အရှင်၏ ညွှန်ကြားချက်ဖြင့် သင်တို့အတွက် ပင်လယ်ပြင်၌ စီးမျောနိုင်သော သင်္ဘောများကို အသုံးခံဖြစ်စေ၏။ သင်တို့ အသုံးခံအဖြစ် မြစ်ချောင်းများကို စီမံပေး၏။ |
| ၃၃။ | وَسَخَّر لَكُمُ الشَّمْسَ وَالْقَمَرَ دَآئِبَينَ وَسَخَّرَ لَكُمُ اللَّيْلَ وَالنَّهَارَ ۞<br>သင်တို့အတွက် အသုံးခံရန် နေနှင့်လကို အလေ့အထဖြစ်စေ၏။ ညနှင့်နေ့ကိုလည်း သင်တို့အတွက် အသုံးခံဖြစ်စေ၏။ |
| ၃၄။ | وَآتَاكُم مِّن كُلِّ مَا سَأَلْتُمُوهُ وَإِن تَعُدُّواْ نِعْمَتَ اللّهِ لاَ تُحْصُوهَا إِنَّ الإِنسَانَ لَظَلُومٌ كَفَّارٌ ۞<br>အရှင့်ထံမှ သင်တို့ တောင်းခံရာတိုင်းကို ပေးအပ်တော်မူ၏၊ အကယ်၍ ပရမတ်ဘုရားရှင်၏ ဂုဏ်ပေးမှုကို ရေတွက်လျှင် အမှတ်စဉ်မှတ်နိုင်မည် မဟုတ်ချေ။ ကေန်ပင် လူသားသည် မိုက်ကြေးခွဲ ဖုံးကွယ်မှောင်ချသူ ဖြစ်၏။[၅၇၈] |
| ၃၅။<br>✡ | وَإِذْ قَالَ إِبْرَاهِيمُ رَبِّ اجْعَلْ هَذَا الْبَلَدَ آمِنًا وَاجْنُبْنِي وَبَنِيَّ أَن نَّعْبُدَ الأَصْنَامَ ۞ |

---

(၅၇၇) **ဘိုင်းအွန်** **بَيْعٌ** ဆိုသည်မှာ ကတိဖြင့် အပြန်အလှန် ဖလှယ်သည်ဟု ဖြစ်ပေသည်။ တစ်ဦးတစ်ယောက်အား မိမိ၏ ယုံကြည်မှုကို အပ်နှံလျှင် ထို ယုံကြည်ခံရသူက မိမိ၏ အပြစ်များကို ကိုယ်စား ခံယူမည်ဟု အပေးအယူလုပ် ဖလှယ်ခြင်းကို ဆိုလိုသောကြောင့် ဤနေရာတွင် **ဘိုင်းအွန်**ကို "ကိုယ်စားခံယူသည်" ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

(၅၇၈) ဤသုတ်တော်တွင် ဖေါ်ပြသော "လိုလိုလားလား တောင့်တသမျှကို ပေးအပ်တော်မူ၏" ဆိုသည်မှာ လူသားသည် လိုချင်သော အရာတစ်ခု၌ စိတ်ကို တစ်စိုက်မတ်မတ် ထား၍ ဇွဲနပဲဖြင့် စူးစမ်းရှာဖွေလျှင် ထိုအရာ ဖြစ်ပေါ်ရန် လောက၏ လျှို့ဝှက်ချက်များကို သိလာသည်။ ရရှိလာသည်ကို ရည်ညွှန်းပေသည်။ လူသားသည် မည်သည့် ပညာရပ်ကို မဆို ရှာဖွေကြံဆ နည်းလမ်း ရနိုင်ပေသည်။ သို့သော် ထိုသို့ အဖြေ ရလာသောအခါ ဥာဏ်စဉ်၏ ဇစ်မြစ်တော် အရှင်အား ကျေးဇူးတင်ရမှန်း မသိကြောင်းကို ဤသုတ်တော်က ထောက်ပြထားပေသည်။

| | |
|---|---|
| ၂း၁၂၆ | အီဗရာဟီးမ်က☆ ရင့်ကျူးသည်မှာ "အို ကံကြမ္မာရှင် ဤမြို့တော်အား ယုံကြည်စိတ်ချရရန် စီစဉ်တော်မူပါ၊ တပည့်တော်နှင့် သားမြေးတို့အား ရုပ်ပွားဆင်းတု ကိုးကွယ်ခြင်းမှ ကင်းသန့်စေတော်မူပါ။– |
| ၃၆။ | رَبِّ إِنَّهُنَّ أَضْلَلْنَ كَثِيرًا مِّنَ النَّاسِ فَمَن تَبِعَنِي فَإِنَّهُ مِنِّي وَمَنْ عَصَانِي فَإِنَّكَ غَفُورٌ رَّحِيمٌ ۞<br>–အို ကံကြမ္မာရှင် ၎င်းတို့သည် လူသားများစွာတို့ကို လွဲမှားစေပါပြီ။ တပည့်တော်အား လိုက်နာသူသည် တပည့်တော်နှင့် အတူဖြစ်၍၊ တပည့်တော်အား အာခံသူအတွက် အရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်ပါ၏။– |
| ၃၇။<br>☆ ၂း၃ | رَّبَّنَا إِنِّي أَسْكَنتُ مِن ذُرِّيَّتِي بِوَادٍ غَيْرِ ذِي زَرْعٍ عِندَ بَيْتِكَ الْمُحَرَّمِ رَبَّنَا لِيُقِيمُواْ الصَّلاَةَ فَاجْعَلْ أَفْئِدَةً مِّنَ النَّاسِ تَهْوِي إِلَيْهِمْ وَارْزُقْهُم مِّنَ الثَّمَرَاتِ لَعَلَّهُمْ يَشْكُرُونَ ۞<br>–အို ကံကြမ္မာရှင်၊ တပည့်တော်၏ သားမြေးတစ်ချို့ကို အရှင်၏ ဘေးမဲ့ အိမ်တော်ထံပါး စိုက်ပျိုးမဖြစ်သော ချိုင့်ဝှမ်းဒေသ၌ နေရာချထားပါ၏၊ အို ကံကြမ္မာရှင် သူတို့အား မေတ္တာဓိဌာန်☆ မြဲဘို့ရာ– သို့ဖြင့် လူသားတို့အား နှလုံးပိုက်စေလျှက် ၎င်းတို့ဘက်သို့ လိုဘရှိဘို့ရာ စီစဉ်တော်မူပါ။ ကျေးဇူးတော်အား သိတတ်အံ့ငှာ သူတို့အား သစ်သီးဝလံ ရိက္ခာများ ထောက်တော်မူပါ။[၅၇၉]– |
| ၃၈။ | رَبَّنَا إِنَّكَ تَعْلَمُ مَا نُخْفِي وَمَا نُعْلِنُ وَمَا يَخْفَى عَلَى اللهِ مِن شَيْءٍ فَي الأَرْضِ وَلاَ فِي السَّمَاء ۞<br>–အို ကံကြမ္မာရှင် တပည့်တော်၏ ထိန်ဝှက်ထားရာ၊ လူသိရှင်ကြားပြုရာများကို အရှင်သည် အသိဆုံး ဖြစ်ပါ၏။ မြေကမ္ဘာ၌ ကောင်းကင်များ၌ ပရမတ်ဘုရားရှင်၏ထံမှ ထိန်ဝှက်ထားနိုင်ရာ တစ်စုံတစ်ရာ မရှိပါ။– |
| ၃၉။ | الْحَمْدُ لِلهِ الَّذِي وَهَبَ لِي عَلَى الْكِبَرِ إِسْمَاعِيلَ وَإِسْحَقَ إِنَّ رَبِّي لَسَمِيعُ الدُّعَاء ۞<br>–တပည့်တော်၏ ကြီးရင့်ချိန်၌ အီစ္စမာအီလ်နှင့် အီစ္စဟာ့က်တို့အား ချီးမြှင့်ခဲ့သော ပရမတ်ဘုရားရှင်သည် ရည်သန်စူးစိုက်မှုတည်ရာ အရှင် ဖြစ်ပါ၏။ ကံကြမ္မာရှင်သည် တောင်းဆုများကို ကြားနေသောအရှင် ဖြစ်ပါ၏။– |
| ၄၀။ | رَبِّ اجْعَلْنِي مُقِيمَ الصَّلاَةِ وَمِن ذُرِّيَّتِي رَبَّنَا وَتَقَبَّلْ دُعَاء ۞<br>–အို ကံကြမ္မာရှင် တပည့်တော်နှင့် သားမြေးများမှ မေတ္တာဓိဌာန် မြဲစေရန် စီစဉ်ပေးတော်မူပါ။ အို ကံကြမ္မာရှင် တောင်းဆုများကို အကိုးပြည့်စေတော်မူပါ။– |
| ၄၁။ | رَبَّنَا اغْفِرْ لِي وَلِوَالِدَيَّ وَلِلْمُؤْمِنِينَ يَوْمَ يَقُومُ الْحِسَابُ ۞<br>–အို ကံကြမ္မာရှင် တပည့်တော်နှင့် မွေးမိဘများ၊ ယုံကြည်သူများအား ရပ်တည်ရမည့်နေ့တွင် စရင်းရှင်းရခြင်းမှ လွတ်ငြိမ်းစေတော်မူပါ၊"ဟု ဖြစ်၏။ |
| ၄၂။ | وَلاَ تَحْسَبَنَّ اللهَ غَافِلاً عَمَّا يَعْمَلُ الظَّالِمُونَ إِنَّمَا يُؤَخِّرُهُمْ لِيَوْمٍ تَشْخَصُ فِيهِ الأَبْصَارُ ۞<br>အမိုက်ကောင်များ၏ ကျင့်ကြံလေသမျှကို ပရမတ်ဘုရားရှင်သည် မေ့လျော့ထားသည်ဟု မစဉ်းစားလေနှင့်။ သူတို့အား အမြင်များ ကြောင်တောင်ငေးနေရသော နေ့အထိ အချိန်နောက်ဆုတ်ထားတော်မူ၏။ |
| ၄၃။ | مُهْطِعِينَ مُقْنِعِي رُءُوسِهِمْ لاَ يَرْتَدُّ إِلَيْهِمْ طَرْفُهُمْ وَأَفْئِدَتُهُمْ هَوَاء ۞<br>ပြာပြာသလဲ ဦးခေါင်းများ ရှေ့ထိုးလျှက် နောက်မလှည့်နိုင် သူတို့ကိုယ်သူတို့ မျက်ခြည်ပြတ်ကာ စိတ်နှလုံးများမှာ လိုဘဇောတက်နေရ၏။ |

(၅၇၉) ဤဆုတောင်းပြည့်မှုမှာ အံ့သြစရာပင် ဆက်သွယ်ရေး မကောင်းလှသော ခေတ်ဖြစ်သည့် လွန်ခဲ့သော နှစ်ပေါင်း လေးထောင်ကျော်ကပင် အီဗရာဟီးမ်၏ သားမြေးများသည် ဘုရားရှင်အား ယုံကြည်အားကိုးသော စိတ်ဖြင့် ထိုသီးနှံကင်းမဲ့သည့် ဒေသတွင် နေခဲ့သော်လည်း စိုက်ပျိုးရန်မလိုဘဲ စားရေ ရိက္ခာများ ပေါကြွယ်ဝလျှက် ရှိနေပေသည်။ ကိုယ်တော်မုဟမ္မဒ်သည်လည်း နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင် အဖြစ် ထိုဒေသမှ တဆင့် ကမ္ဘာ့ လူသားများသို့ ဉာဏ်စဉ်ရေးရာနှင့် အယူသန့်ကိုးကွယ်နည်း အတတ်တည်း ဟူသည့် ရိက္ခာကို ကမ္ဘာသို့ ဝေငှခဲ့ပေသည်။

၄၄။ وَأَنذِرِ النَّاسَ يَوْمَ يَأْتِيهِمُ الْعَذَابُ فَيَقُولُ الَّذِينَ ظَلَمُواْ رَبَّنَا أَخِّرْنَا إِلَى أَجَلٍ قَرِيبٍ نُّجِبْ دَعْوَتَكَ وَنَتَّبِعِ الرُّسُلَ أَوَلَمْ تَكُونُواْ أَقْسَمْتُم مِّن قَبْلُ مَا لَكُم مِّن زَوَالٍ۞

ဝဋ်ကြွေးဒဏ်ကြီး ဆိုက်ရောက်မည့်နေ့ကို လူသားတို့အား သတိပေးလော့။ မိုက်ကြေးခွဲသောသူများက “အိုကံကြမ္မာရှင် တပည့်တော်တို့အား သတ်မှတ်ချိန်အား နောက်ဆုတ်ပေးပါ။ အရှင့် ဖိတ်ခေါ်မှုအား နီးကပ်စွာ တုန့်ပြန်၍၊ ဉာဏ်စဉ်ဆောင်များကိုလည်း လိုက်နာပါမည်၊”ဟု ဆိုကြ၏။ ကျွန်ုပ်တို့သည် **အဆုံးထိမရွှေ့တော့**ဟု ဤရှေ့အလျှင်က သင်တို့ တိုင်တည်ခဲ့ကြသည် မဟုတ်လော။

မသေတော့

၄၅။ وَسَكَنتُمْ فِي مَسَاكِنِ الَّذِينَ ظَلَمُواْ أَنفُسَهُمْ وَتَبَيَّنَ لَكُمْ كَيْفَ فَعَلْنَا بِهِمْ وَضَرَبْنَا لَكُمُ الأَمْثَالَ۞

သူတို့၏စရိုက်ကို သူတို့ မိုက်ကြေးခွဲသောသူတို့၏ အခြေချနေရာတွင် သင်တို့အား အခြေချစေခဲ့ပြီ မဟုတ်လော။ ငါသည် သူတို့အား မည်သို့ စီမံခဲ့ကြောင်း၊ သင်တို့အတို့ မည်သို့ ပမာပြု ဥပမာပေးခဲ့ကြောင်း သင်တို့အား ရှင်းလင်းစေခဲ့ပြီ မဟုတ်လော။

၄၆။ وَقَدْ مَكَرُواْ مَكْرَهُمْ وَعِندَ اللّهِ مَكْرُهُمْ وَإِن كَانَ مَكْرُهُمْ لِتَزُولَ مِنْهُ الْجِبَالُ۞

သူတို့၏ ကြံစည်မှုကို သူတို့ကြံစည်ကြ၏။ သူတို့ ကြံစည်လေသမျှသည် ပရမတ်ဘုရားရှင်၏ အထံတော်၌ ရှိနေ၏။ သူတို့၏ ကြံစည်မှုမှာ တောတောင်ကို ရွှေ့ပစ်မလောက်ပင်။

၄၇။ فَلاَ تَحْسَبَنَّ اللّهَ مُخْلِفَ وَعْدِهِ رُسُلَهُ إِنَّ اللّهَ عَزِيزٌ ذُو انْتِقَامٍ۞

ပရမတ်ဘုရားရှင်သည် အရှင်၏ ဉာဏ်စဉ်ဆောင်များ၌ ထားသော ကတိကို ပေါ့လျှော့ထားမည်ဟု မစဉ်းစားနှင့်၊ ပရမတ်ဘုရားရှင်သည်ကား ဘုန်းတော်အရှင် တန်ပြန်စေသော အရှင် ဖြစ်ပေ၏။

၄၈။ يَوْمَ تُبَدَّلُ الأَرْضُ غَيْرَ الأَرْضِ وَالسَّمَاوَاتُ وَبَرَزُواْ للّهِ الْوَاحِدِ الْقَهَّارِ۞

ကမ္ဘာအား အခြားကမ္ဘာ အဖြစ်၊ ကောင်းကင်များကိုလည်း ထိုသို့ လွှဲပြောင်းစေသောနေ့၌[၁၈၀] တစ်ဆူတည်း ဖူးခြာဖြစ်သော ပရမတ်ဘုရားရှင်၏ ထံတော်သို့ ပြန်ထွက်လာရလတ္တံ့။

၄၉။ وَتَرَى الْمُجْرِمِينَ يَوْمَئِذٍ مُّقَرَّنِينَ فِي الأَصْفَادِ۞

(၁၈၀) ဤသုတ်တော်ပါ၊ ကမ္ဘာနှင့် ကောင်းကင်ကို အခြားသော ကမ္ဘာသစ် ကောင်းကင်သစ်အဖြစ် ပြောင်းလဲခြင်း ဆိုသည်မှာ ခေတ်ပြောင်းခြင်းကို ဆိုလိုပေသည်။ ထို့အပြင် အခြားသော ရုပ်ပိုင်းဆိုင်ရာ တစ်ရပ်မှာ ဘာသာတရား အားလုံးက ယုံကြည်ထားသည့် ကမ္ဘာပျက်ရခြင်းပင်။ ကမ္ဘာပျက်သောအခါ ကမ္ဘာပေါ်ရှိ သက်ရှိသက်မဲ့ အားလုံးသည် ပြေးရာလမ်းမရှိ အားလုံးသေကြေ ပျက်စီးကုန်မည်ဟူသော ပုံပြင် ဆန်ဆန် ယုံကြည်မှုကို ကျမ်းတော်က မသွန်သင်ပေ။ ကမ္ဘာပျက်ရမည်ဟူသော ကျမ်းတော်ပါ အဆုံးအမမှာ လူသားများအား သတိပေးခြင်းသာ ဖြစ်ပေသည်။ အကယ်၍ ရွာတစ်ရွာ၊ ဒေသတစ်ခုသည် မီးလောင်ခြင်း၊ ရေဖုံးလွှမ်းခြင်း စသော ကပ်အမျိုးမျိုးကြောင့် ပျက်စီးရမည်ကို ကြိုတင် သိခဲ့လျှင် ထိုအရပ်ဒေသမှ လူများသည် သူတို့ပိုင်သော၊ သူတို့အတွက် အသုံးဝင်သော သက်ရှိသက်မဲ့များကို ယူဆောင်လျက် အခြား ဒေသတစ်ခုသို့ ပြောင်းရွှေ့သွားရမည်ပင်။ အလားတူပင်၊ အရာဝတ္ထုတိုင်း ရင်ဆိုင်ရမည့် အနိစ္စတရားအောက်တွင် လက်ရှိ ကျွန်ုပ်တို့နေထိုင်သည့် ကမ္ဘာဂြိုလ်သည်လည်း ပါဝင်နေပေသည်။ သူ့သက်တမ်းကုန်လျှင် သူသည်လည်း ပျက်စီးယိုယွင်းရမည်ပင်။ ထိုအချင်းအရာအား ကြိုတင်သိနေလျှင် ကမ္ဘာ၏ ကိုယ်စားလှယ်များဖြစ်သော လူသားများက (ဖ်ဴးဖဖ်) ဦးဆောင်၍ အခြား ကမ္ဘာသစ် တစ်ခုအား ပြောင်းရွှေ့နေထိုင်ရမည်ပင်။ ထိုသို့ ပြောင်းရွှေ့ နေနိုင်ရန်အတွက် လူသားများကို နည်းလမ်းရှာနိုင်ရန် ကြိုတင်ပြင်ဆင်နိုင်ရန် ကြိုတင်နေရာချထားနိုင်ရန် သတိပေးခြင်းသာ ဖြစ်ပေသည်။ (၂း၂၉) ၏ အောက်ခြေရှင်းလင်းချက်ကို ကြည့်ပါ။ လူသားများ နေထိုင်အခြေချရန် အဆင်သင့် မဖြစ်ခဲ့သော နေရာများကို နေထိုင် အခြေချနိုင်ရန် ပြုပြင်လျက် လူသားများ နေထိုင်ခဲ့သည်မှာ လက်တွေ့ကျသော အဖြစ်အပျက်များ ဖြစ်ပေသည်။ အလားတူပင် ယခုအချိန်၌ လူသားများ အခြေချ နေထိုင်နိုင်ရန် အဆင်သင့် မဖြစ်သေးသော ကမ္ဘာသစ်များမှာ နောင်တစ်ချိန်၌ အခြေချနိုင်သော အဆင့်သို့ ရောက်လာရမည်ပင်။ လူအများက မိရိုးဖလာအတိုင်း ယုံကြည်နေသော ကမ္ဘာပျက်မည့်နေ့ ဆိုသည်ကို ကျမ်းတော်က **ယောင်းမွန်ကီယာမတ်** ဟု ခေါ်ပေသည်။ အဓိပ္ပါယ်မှာ “ပြန်လည် ရှင်သန်သောနေ့” ဟု ဖြစ်၍၊ ကမ္ဘာဂြိုလ်နှင့် အတူ အလုံးစုံသော အရာများသည် တစ်ပြိုင်တည်း သေကြေပျက်စီးသွားမည်ဟု လုံးဝ မဆိုလိုပေ။ ဤသုတ်တော်ကလည်း ကမ္ဘာသစ်၊ ကောင်းကင်သစ်ကို ပြောင်းလဲပေးမည်ဟု အတိအကျ ပြောထားသည့်အပြင်၊ သင်တို့အား အသစ်တဖန် ပြည်လည် ဖြစ်တည်စေမည်ဟု မကြာခဏ ဆိုထားပေသည် (၁၃း၅)။

| | |
|---|---|
| | ထိုနေ့၌ ရာဇဝတ်ကောင်များကို ခြေကျင်းများဖြင့် သီထားသည်ကို သင်မြင်ရလတ္တံ့။[၅၈၁] |
| ၅၀။ | سَرَابِيلُهُم مِّن قَطِرَانٍ وَتَغْشَى وُجُوهَهُمْ النَّارُ ۞<br>သူတို့၏ အဝတ်အထည်မှာ ကြေးရည်ဖြင့် ပြုလုပ်ထား၍၊ သူတို့၏ မျက်နှာများကို အပူမီးက လွှမ်းခြုံလတ္တံ့။ |
| ၅၁။ | لِيَجْزِي اللّهُ كُلَّ نَفْسٍ مَّا كَسَبَتْ إِنَّ اللّهَ سَرِيعُ الْحِسَابِ ۞<br>ပရမတ်ဘုရားရှင်သည် ဉာဉ်စရိုက် ကိုယ်စီအား သူကျင့်ဆောင်ခဲ့သည့်တိုင်း အစားပေးတော်မူမည်။ ကေန်ပင် ပရမတ်ဘုရားရှင်သည် အချိန်နှင့်တပြေးညီ စရင်းစစ်နေတော်မူ၏။ |
| ၅၂။ | هَذَا بَلاَغٌ لِّلنَّاسِ وَلِيُنذَرُواْ بِهِ وَلِيَعْلَمُواْ أَنَّمَا هُوَ إِلَـهٌ وَاحِدٌ وَلِيَذَّكَّرَ أُوْلُواْ الأَلْبَابِ ۞<br>ဤ လူသားတို့အတွက် ဆိုက်ရောက်စေခြင်းသည်– သတိပေးရန်၊ အရှင်သည် ဧကောဒိ ဘုရားရှင် ဖြစ်ကြောင်း သိကြစေရန်၊ သဘောပေါက်နိုင်စွမ်း ရှိသူများ ဆင်ခြင်သတိရှိနိုင်ရန် – ဖြစ်၏။ |

(၅၈၁) ကမ္ဘာသစ် ကောင်းကင်သစ်အား ပြောင်းရွှေ့ခြင်းကို ငဲ့ကျမည်၊ ဒုက္ခရောက်မည်ဟု မိရိုးဖလာ၌ အယူသည်းလျှက် မာနကြီးနေသူများသည် သူတို့နေသော ကမ္ဘာဟောင်း ပျက်စီးရချိန်တွင် ခြေမကိုင်မိ၊ လက်မကိုင်မိ ဒုက္ခရောက်ရပေလိမ့်မည်၊ သူတို့သည် ပျက်စီးသော ကမ္ဘာနှင့်အတူ မီးလောင်ကျွမ်းခြင်းကို ခံရပေလိမ့်မည်ဟု ဤသုတ်တော်နှင့် ဆက်လက်ဖော်ပြသော သုတ်တော် ၅၀ တို့တွင် သတိပေးထားပေသည်။ ကမ္ဘာပြောင်းရန် အာကာသ တံခါးကို ဖွင့်ပေးသော်လည်း မကောင်းဆိုးဝါး၏ နောက်လိုက်များသည် မိရိုးဖလာ၌ စွဲကပ်သောကြောင့် ပစ်ဒုံးများဖြင့် ပစ်ခံရမည်ဟု ၁၅း၁၄—၁၈ တွင် ဆိုထားပေသည်။